မာတိကာ

၁) နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရန် စတင်ဆောင်ရွက်မှုအားနည်းခြင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကအားနည်းချက် ဖြစ်သည်ဟု PACEအဖွဲ့ထောက်ပြ (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၁၅ရက်၊ Daily ELEVEN)

၂) နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်ပါက မဲဆန္ဒနယ်ပြင်ပ ပါတီစည်းရုံးရေး ကိစ္စများကို ရွေးကောက်ပွဲကော်မရှင်၏ ၁၁/ ၂၀၁၅ ကြေညာချက်အတိုင်း ဆောင်ရွက်မည် ဖြစ်ပြီး အရေးယူဆောင်ရွက်မှုရှိလာပါက ဥပဒေအရ ပြန်လည်ခုခံသွားမည်ဖြစ်ကြောင်း NLD ပါတီ ပြောရေးဆိုခွင့်ရှိသူ ပြောကြား (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၁၈ရက်၊ Daily ELEVEN)

၃) ၂၀၂၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများနှင့် ယနစ်ကုန်ပိုင်းမတိုင်မီ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပြောကြား (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၀ ရက်၊ Daily ELEVEN)

၄) ပြည်ထောင်စုရွေးကောက်ပွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေး ( ၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၂ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၈)

၅) ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများ အပါအဝင် မြို့နယ်အားလုံးတွင် ကျင်းပနိုင်ရေး ရည်မှန်းထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပြောကြား (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၃ရက်၊ Daily ELEVEN )

**၁) နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရန် စတင်ဆောင်ရွက်မှုအားနည်းခြင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အဓိကအားနည်းချက်ဖြစ်သည်ဟု PACE အဖွဲ့ထောက်ပြ**
(၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၁၅ရက်၊ Daily ELEVEN)

“ ကော်မရှင်ဘက်က သူကိုတွေ့ဆုံခွင့်တောင်းရင် တွေ့ဆုံခွင့်ပေးတယ်ပေါ့ဗျာ။ ဒါပေမယ့် လက်ရှိ ရှိနေတဲ့ပြဿနာက အဲ့ဒီလို Formal တွေ့ဆုံခွင့်တောင်း၊ ပြဿနာဖြေရှင်း ဆိုတာမျိုးထက် ကော်မရှင်ဘက်က Initiate လုပ်ဖို့လိုတယ်။ သဘောက ကျွန်တော်တို့က အသွင်ကူးပြောင်းမှုကို ဆောင်ရွက်နေတာကိုး။ ပြဿနာက တစ်ချို့ကိစ္စတွေက ရိုးရိုးသားသား Technical အမှားကို Political အမှားအဖြစ် ရှုမြင်နိုင်စရာ အကြောင်းရှိတယ်။ ကျွန်တော်တို့ရဲ့ အမြင်က ကော်မရှင်ဟာနိုင်ငံရေးပါတီတွေနဲ့ တွေ့ဖို့သူကိုယ်တိုင်က Initiate လုပ်ဖို့လိုတယ်။ အဲ့ဒါကော်မရှင်ရဲ့ အကြီးမားဆုံး အားနည်းချက်ပဲ ” ဟု PACE အဖွဲ့ အမှုဆောင်ဒါရိုက်တာ ကိုစိုင်းရဲကျော်စွာမြင့်က ပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၂) နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ပါက မဲဆန္ဒနယ်ပြင်ပ ပါတီစည်းရုံးရေးကိစ္စများကို ရွေးကောက်ပွဲကော်မရှင်၏ ၁၁/ ၂၀၁၅ ကြေညာချက်အတိုင်း ဆောင်ရွက်မည်ဖြစ်ပြီး အရေးယူဆောင်ရွက်မှုရှိလာပါက ဥပဒေအရ ပြန်လည်ခုခံသွားမည်ဖြစ်ကြောင်း NLD ပါတီပြောရေးဆိုခွင့်ရှိသူ ပြောကြား**
(၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၁၈ရက်၊ Daily ELEVEN)

“ ဒါကတော့ ကျွန်တော်တို့တစ်စုံတစ်ရာ အရေးယူ ဆောင်ရွက်မှုရှိလာရင်တော့ ကျွန်တော်တို့က ဒါဥပဒေအရ ပြန်လည်ခုခံရမှာပါ၊ ကျွန်တော်တို့က ကျွန်တော်တို့သဘောအတိုင်းပဲလုပ်တာ မဟုတ်ပါဘူး။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ ကြေညာချက်၊ နောက်ယခင်အစိုးရ လုပ်ဆောင်ခဲ့ဖူးတဲ့အချက်တွေကိုကြည့်ပြီးတော့ ကျွန်တော်တို့က ဒီလိုပြန်လည်ပြီး ပြင်ဆင်ပြောဆိုခြင်းဖြစ်ပါတယ် ” ဟု ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

“ ကျွန်တော်တို့က လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာချက်ကိုပဲ ကျွန်တော်တို့ကိုင်စွဲထားပါတယ်။ ဒီနေရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း နိုင်ငံသားတစ်ဦးရဲ့ မဲဆွယ်ပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့် ဆိုတဲ့အပိုင်းကလည်းရှိပါသေးတယ်ခင်ဗျာ။ ဒီလို နှစ်ဖက်လုံးကို မျှတအောင်စဉ်းစားမှ သင့်လျော်မယ်လို့ ကျွန်တော်တို့ထင်ပါတယ် ” ဟု ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

သတင်းအပြည့်အစုံ>>>> မာတိကာသို့>>>>

၆) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကန့်ဘလူခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၄ရက်၊ မြန်မာ့အလင်း၊)

၇) ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၉ ဇွန်လ မှစတင်၍ ဆောင်ရွက်လျက်ရှိ၊ အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေ စာရင်း မကြာမီ ကောက်ယူပြုစုမည် (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၅ရက်၊ မြန်မာ့အလင်း စာမျက်နှာ ၅)

**၃) ၂၀၂၀ ရွေးကောက်ပွဲနှင့် ပတ်သက်က်၍ နိုင်ငံရေးပါတီများနှင့် ယနစ်ကုန်ပိုင်း မတိုင်မီ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပြောကြား** (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၀ ရက်၊ Daily ELEVEN)

လက်ရှိအချိန်ကာလသည် အသွင်ကူးပြောင်းမှုကို ဆောင်ရွက်နေသည့်ကာလ ဖြစ်သည့်အလျောက် အချို့သော ရိုးရိုးသားသားအမှားများကို နိုင်ငံရေးအမှားအဖြစ် ပုံဖော်ရှု့မြင်းမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုကို ကော်မရှင်ဘက်ကစတင် ဆောင်ရွက်သင့်ကြောင်း ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လှုပ်ရှားမှုအဖွဲ့ (PACE) အမှုဆောင်ဒါရိုက်တာ ကိုစိုင်းရဲကျော်စွာမြင့်က ပြောကြားသည်။

" ကော်မရှင်က နိုင်ငံရေးပါတီတွေနဲ့ ဒီထက်ပိုပြီး ထိတွေ့ဆက်ဆံဖို့လိုတယ်။ နိုင်ငံရေးပါတီတွေကို ဒီထက်ပိုပြီး နားထောင်ဖို့လိုတယ်။ အပြန်အလှန်စာတိုစာရှည်ရေးနေတာဟာ နှစ်ဖက်စလုံးအတွက် အပြုသဘောမဆောင်ဘူး။ ဆိုလိုတဲ့သဘောက ကန့်ကွက်တဲ့ပါတီ ကလည်း ကန့်ကွက်မယ်။ ကော်မရှင်ကလည်း ဒါကိုစာနဲ့တုန့်ပြန်တာမျိုး။ အဲ့ဒါမျိုးတွေလုပ်မယ့် အစား မျက်နှာချင်းဆိုင်တွေ့ဆုံပြီးတော့မှ နိုင်ငံရေးပါတီတွေရဲ့ concept ကဘာတုန်း။ ကော်မရှင်က အခက်အခဲဘာရှိလဲ။ အဲ့ဒါမျိုးကိုမျက်နှာချင်းဆိုင် ဆွေးနွေးစေချင်တယ်။ မဟုတ်ဘူးဆိုရင်တော့ ပြဿနာရှိတယ် " ဟုဂင်းကပြောကြားသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၄) ပြည်ထောင်စုရွေးကောက်ပွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေး** (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၂ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၈)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုပေါင်း၍ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲအား ယနေ့နံနက် ၁၀နာရီတွင် မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင် (စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ) တက်ရောက်ပြီး တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီ ၉ ပါတီမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ လူထုအသိပညာပေးလုပ်ငန်း ဆောင်ရွက်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

*Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းများအရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများ ၊ အမျိုးသမီးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်နေသောအဖွဲ့အစည်းများ၊ သတင်းမီဒီယာများအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၅) ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများ အပါအဝင် မြို့နယ်အားလုံးတွင်ကျင်းပနိုင်ရေး ရည်မှန်းထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောကြား** (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၃ရက်၊ Daily ELEVEN )

မဲဆန္ဒရှင်စာရင်းကောက်ယူရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

" မဲဆန္ဒရှင်စာရင်းကောက်ယူရာမှာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပြဋ္ဌာန်းချက်ပါ မဲဆန္ဒနယ်တစ်နယ်မှာ နေထိုင်လျက်ရှိတဲ့ စစ်ဘေးရှောင်တွေ၊ ရွှေ့ပြောင်း လုပ်သားတွေ အပါအဝင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတိုင်းကို ကောက်ယူ ပြုစုမှာဖြစ်ပါတယ် " ဟု ဦးမြင့်နိုင်ကပြောကြားကြောင်း ဇွန်၂၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာ များက ဖော်ပြသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၆) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကန့်ဘလူခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ** (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၄ရက်၊ မြန်မာ့အလင်း )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကန့်ဘလူခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ တွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ကန့်ဘလူခရိုင် စုပေါင်းရုံးရွှေစည်မြိုင်ခန်းမ၌ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင် (စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ) တက်ရောက်ပြီး ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဌ၊ အဖွဲ့ဝင်နှင့် အတွင်းရေးမှူး ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့်ရက်စွဲ - ၁၅ရက်၊ ဖွန်လ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၇) ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၉ ဖွန်လ မှစတင်၍ ဆောင်ရွက်လျက်ရှိ၊ အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေ စာရင်းမကြာမီ ကောက်ယူပြုစုမည်** (၂၀၁၉ခုနှစ်၊ ဖွန်လ၊ ၂၅ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၅)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းပြုစုခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဖွန်လမှစတင်၍ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။ မဲဆန္ဒရှင်စာရင်းပြုစုရေးအတွက် ပထမအဆင့်အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွင်း အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေစာရင်း ကောက်ယူပြုစုခြင်းလုပ်ငန်းအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများက မကြာမီကောက်ယူပြုစုသွားမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေး အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းအပြည့်အစုံဖတ်ရန်>>>> မာတိကာသို့>>>>

**၁) နိုင်ငံရေးပါတီများနှင့်တွေ့ဆုံရန် စတင်ဆောင်ရွက်မှုအားနည်းခြင်းက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ အဓိကအားနည်းချက်ဖြစ်သည်ဟု PACEအဖွဲ့ ထောက်ပြ** (၂၀၁၉ခုနှစ်၊ ဖွန်လ၊ ၁၅ရက်၊ Daily ELEVEN)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီများနှင့် အရပ်ဘက်အဖွဲ့အစည်း များ၏ တွေ့ဆုံတောင်းခံမှုကိုငြင်းဆန်ခြင်း မရှိသော်လည်း ကော်မရှင်ဘက်က စတင်တွေ့ဆုံ ရန်ဆောင်ရွက်မှုအားနည်းခြင်းက ကော်မရှင်၏အဓိကအားနည်းချက်ဖြစ်သည် ဟု ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လုပ်ရှားမှုအဖွဲ့ (PACE) တာဝန်ရှိသူက ထောက်ပြပြောကြား သည်။

" ကော်မရှင်ဘက်က သူကိုတွေ့ဆုံခွင့်တောင်းရင် တွေ့ဆုံခွင့်ပေးတယ်ပေါ့ဗျာ။ ဒါပေမယ့် လက်ရှိ ရှိနေတဲ့ပြဿနာက အဲ့ဒီလို Formal တွေ့ဆုံခွင့်တောင်း၊ ပြဿနာဖြေရှင်း ဆိုတာမျိုး ထက် ကော်မရှင်ဘက်က Initiate လုပ်ဖို့လိုတယ်။ သဘောက ကျွန်တော်တို့က အသွင် ကူးပြောင်းမှုကို ဆောင်ရွက်နေတာကိုး။ ပြဿနာက တစ်ချို့ကိစ္စတွေက ရိုးရိုးသားသား Technical အမှားကို Political အမှားအဖြစ် ရှုမြင်နိုင်စရာ အကြောင်းရှိတယ်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲများဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

ကျွန်တော်တို့ရဲ့ အမြင်က ကော်မရှင်ဟာနိုင်ငံရေးပါတီတွေနဲ့ တွေ့ဖို့သူကိုယ်တိုင်က Initiate လုပ်ဖို့လိုတယ်။ အဲ့ဒါကော်မရှင်ရဲ့ အကြီးမားဆုံး အားနည်းချက်ပဲ " ဟု PACE အဖွဲ့ အမှုဆောင်ဒါရိုက်တာ ကိုစိုင်းရဲကျော်စွာမြင့်က ပြောကြားသည်။

ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် တွေ့ဆုံဆွေးနွေးလိုကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အပါအဝင် နိုင်ငံရေးပါတီ ၂၆ ပါတီက မေ ၂၃ ရက်တွင် ကော်မရှင်ထံအိတ်ဖွင့်စာပေး၍ တောင်းဆိုခဲ့သည်။ နိုင်ငံရေးပါတီများ၏ အိတ်ဖွင့်ပေးစာတွင် တည်ဆဲရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်မှုများသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မြောက်ရေး ဆိုသည့် ရည်ရွယ်ချက် ပေါက်မြောက်နိုင်ခြင်းမရှိဘဲ ဆန့်ကျင်ဘက်လားရာသို့ ဦးတည်နေကြောင်း၊ လက်ရှိကော်မရှင် အနေဖြင့် နိုင်ငံရေးပါတီများနှင့် သုံးကြိမ်သာတွေ့ဆုံခဲ့ပြီး တွေ့ဆုံချိန်လည်း မလုံလောက်ကြောင်း အပါအဝင်အချက် ၁၀ချက် ဖော်ပြထားသည်။

ယင်းအိတ်ဖွင့်ပေးစာပါအချက်များသည် အပြုသဘောမဆောင်သည့်အပြင် အခြေအမြစ်မရှိ စွပ်စွဲချက်များဖြင့် ဖော်ပြတောင်းဆိုထားသည်ဟုဆိုကာ ရွေးကောက်ပွဲကော်မရှင်က ဇွန် ၆ရက်တွင် အကြောင်းပြန်ကြားချက်တစ်စောင်ထုတ်ပြန်ခဲ့ပြီး တွေ့ဆုံခွင့်တောင်းခံမှုကို လည်း လက်မခံခဲ့ပေ။

" ကော်မရှင်က နိုင်ငံရေးပါတီတွေနဲ့ ဒီထက်ပိုပြီး ထိတွေ့ဆက်ဆံဖို့လိုတယ်။ နိုင်ငံရေးပါတီတွေကို ဒီထက်ပိုပြီးနားထောင်ဖို့လိုတယ်။ အပြန်အလှန်စာတိုစာရှည် ရေးနေတာဟာ နှစ်ဖက်စလုံးအတွက် အပြုသဘောမဆောင်ဘူး။ ကန့်ကွက်တဲ့ပါတီ ကလည်း ကန့်ကွက်မယ်။ ကော်မရှင်ကလည်း ဒါကိုစာနဲ့တုံ့ပြန်တာမျိုး။ အဲ့ဒါမျိုး လုပ်မယ့်အစား မျက်နှာချင်းဆိုင် တွေ့ဆုံပြီးတော့မှ နိုင်ငံရေးပါတီတွေရဲ့ Concept ကဘာတုန်း။ ကော်မရှင်ရဲ့အခက်အခဲက ဘာရှိလဲ။ အဲ့ဒါမျိုးကို မျက်နှာချင်းဆိုင် ဆွေးနွေးစေချင်တယ် " ဟု ကိုစိုင်းရဲကျော်စွာမြင့်က ပြောကြားသည်။

မာတိကာသို့>>>>

**၂) နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ပါက မဲဆန္ဒနယ်ပြင်ပ ပါတီစည်းရုံးရေးကိစ္စများကို ရွေးကောက်ပွဲကော်မရှင်၏ ၁၁/၂၀၁၅ ကြေညာချက်အတိုင်း ဆောင်ရွက်မည်ဖြစ်ပြီး အရေးယူဆောင်ရွက်မှုရှိလာပါက ဥပဒေအရ ပြန်လည်ခုခံသွားမည်ဖြစ်ကြောင်း NLD ပါတီပြောရေးဆိုခွင့်ရှိသူ ပြောကြား** (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၁၈ရက်၊ Daily ELEVEN)

နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ပါက မဲဆန္ဒနယ်ပြင်ပ ပါတီမဲဆွယ်စည်းရုံးရေးကိစ္စများကို ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ၁၁/၂၀၁၅ ကြေညာချက် အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်မှုကြောင့် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှုများရှိလာပါက ဥပဒေအရ ပြန်လည်ခုခံသွားမည်ဖြစ်ကြောင်း အမျိုးသားဒီမိုအရေးစီ အဖွဲ့ချုပ် (NLD) ပါတီ ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

ယခင် အစိုးရလက်ထက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ( ၁၁/ ၂၀၁၅) ကြေညာချက်ကို ကိုးကား၍ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့က ၎င်းတို့ဝင်ရောက် ယှဉ်ပြိုင်မည့် မဲဆန္ဒနယ်၏ပြင်ပတွင် ပါတီမဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ပါက ဝေဖန်မှုများနှင့် တိုင်ကြားမှုများ ကြုံတွေ့လာနိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ " ဒါကတော့ ကျွန်တော်တို့တစ်စုံတစ်ရာ အရေးယူ ဆောင်ရွက်မှုရှိလာရင်တော့ ကျွန်တော်တို့က ဒါဥပဒေအရ ပြန်လည်ခုခံရမှာပါ၊ ကျွန်တော်တို့က ကျွန်တော်တို့သဘော အတိုင်းပဲလုပ်တာ မဟုတ်ပါဘူး။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရဲ့ ကြေညာချက်၊ နောက်ယခင်အစိုးရ လုပ်ဆောင်ခဲ့ဖူးတဲ့အချက်တွေကိုကြည့်ပြီးတော့ ကျွန်တော်တို့က ဒီလိုပြန်လည်ပြီး ပြင်ဆင် ပြောဆိုခြင်းဖြစ်ပါတယ် " ဟု ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

ပြီးခဲ့သည့် ဇွန် ၈ ရက်တွင် နေပြည်တော်၌ NLD ပါတီ ECE အစည်းအဝေးပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေးအပြီး သတင်းမီဒီယာများ၏ မေးမြန်းမှုများကိုဖြေကြားရာတွင် နိုင်ငံတော် သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ၂၀၂၀ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း ဒေါက်တာမျိုးညွန့်က ပြောကြားခဲ့ပြီး တစ်ပြည်လုံးအနေဖြင့် မဲဆွယ်မည် ဆိုပါက အုပ်ချုပ်ရေးထိပ်ပိုင်းတာဝန်များမှ စွန့်လွှတ်ရမည်ဟုလည်း ၎င်းကပြောကြားခဲ့သည်။

သို့သော်လည်း အဆိုပါပြောကြားချက်သည် ၎င်းအနေဖြင့် မှားယွင်းပြောကြားခဲ့ခြင်း ဖြစ်ကြောင်းရွေးကောက်ပွဲကော်မရှင်၏ (၁၁/၂၀၁၅) ကြေညာချက်ကို ကိုးကားကာ ဒေါက်တာမျိုးညွန့်က မီဒီယာအချို့အား ပြန်လည်ပြင်ဆင်ပြောကြားခဲ့ပြီး အဆိုပါကြေညာ ချက်အရ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ၎င်းတို့၏မဲဆန္ဒနယ် နှင့် မဲဆန္ဒနယ်ပြင်ပတွင်ပါ မဲဆွယ်စည်းရုံးခွင့်ရှိမည်ဖြစ်ကြောင်း ဒေါက်တာမျိုးညွန့် က ပြောကြားသည်။

" ကျွန်တော်တို့က လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ ကြေညာချက်ကိုပဲ ကျွန်တော်တို့ကိုင်စွဲထားပါတယ်။ ဒီနေရာမှာဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်း နိုင်ငံသား တစ်ဦးရဲ့မဲဆွယ်ပိုင်ခွင့်၊ စည်းရုံးပိုင်ခွင့်ဆိုတဲ့ အပိုင်းကလည်းရှိပါသေးတယ်ခင်ဗျာ။ ဒီလို နှစ်ဖက်လုံးကို မျှတအောင်စဉ်းစားမှ သင့်လျော်မယ်လို့ ကျွန်တော်တို့ထင်ပါတယ် " ဟု ဒေါက်တာမျိုးညွန့်က ပြောကြားသည်။

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့်ရက်စွဲ - ၁၅ရက်၊ ဇွန်လ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ
ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

*မျှော်မှန်းချက်*

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့်
ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

*ရည်မှန်းချက်*

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော
ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန်
ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

*Our Mission*

"Networking to Support for Holding Genuine Elections with Democratic Norms"

ရွေးကောက်ပွဲဆိုင်ရာပါတီစည်းရုံးရေးလုပ်ငန်းများ ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့်မဲဆွယ်စည်းရုံးခွင့်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၃၁/ ၂၀၁၅) ဖြင့် ၂၀၁၅ ခုနှစ်ဇူလိုင် ၈ရက် တွင်ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါကြေညာချက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(က) ပါ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၇၊ ပုဒ်မခွဲ (ခ) အရလည်းကောင်း၊ ပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဂ) ပါဒုတိယဝန်ကြီးတစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ဃ) အရလည်းကောင်း၊ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၈ရက် ၊ တနင်္ဂနွေနေ့၌ ကျင်းပမည့်အထွေထွေရွေးကောက်ပွဲ တစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းအခြေခံဥပဒေ ပုဒ်မ ၃၈ ၊ပုဒ်မခွဲ (က) အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၁၅ခုနှစ် ၊ ဇူလိုင်လ ၈ ရက် ဗုဒ္ဓဟူးနေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၃၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေး လုပ်ငန်းများကို လည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိကြောင်း ပါရှိသည်။

၂၀၀၈ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဒုဝန်ကြီးများသည် နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင် ရာထူးခန့်အပ်တာဝန်ပေးခြင်းခံရသည့်နေ့မှစ၍ မိမိရာထူးသက်တမ်းအတွင်း ယင်းပါတီ အဖွဲ့အစည်း၏ ပါတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းမပြုရဟု ပြဋ္ဌာန်းထားသည်။

မာတိကာသို့>>>>

**၃) ၂၀၂၀ ရွေးကောက်ပွဲနှင့် ပတ်သက်၍ နိုင်ငံရေးပါတီများနှင့် ယနစ်ကုန်ပိုင်း မတိုင်မီ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ပြောကြား (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၀ ရက်၊ Daily ELEVEN)**

၂၀၂၀ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး လိုအပ်သည်များအတွက် ယခုနှစ်ကုန်ပိုင်းမတိုင်မီ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်နိုင်က ပြောကြားသည်။

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၁၅ရက်၊ ဖွန်လ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၉လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

မကြာခင်ကာလအတွင်း နိုင်ငံရေးပါတီများနှင့်တွေ့ဆုံဆွေးနွေးရန်ရှိသည်ဟု ဦးမြင့်နိုင်က ပြောကြားပြီး မကြာခင်ကာလဆိုသည်မှာ ၂၀၁၉ခုနှစ် နှစ်ကုန်ပိုင်းခန့်ဖြစ်မည်လား ဟု ထပ်မံမေးမြန်းရာ " အဲ့ဒီအထိမရောက်ဘူး။ မကြာပါဘူးဆိုမှ " ဟုဎင်းကဆိုသည်။

၂၀၂၀ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည်များကို နိုင်ငံရေးပါတီများနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဆွေးနွေးညှိနှိုင်းရန် အချိန်ဇယား သတ်မှတ်ထားရှိပြီးဖြစ်ကြောင်းနှင့် လက်ရှိအချိန်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင်များနှင့် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများတွေ့ဆုံဆွေးနွေးမှုများကို ယခုလအတွင်း စတင်လုပ်ဆောင်လျက်ရှိသည်ဟု ဎင်းကဆက်လက်ပြောကြားသည်။

" လိုအပ်တာတွေ တွေ့ဆုံဆွေးနွေးကြမှာပေါ့။ အဲဒါလည်းပါမှာပေါ့ " ဟု ဦးမြင့်နိုင်က ပြောကြားသည်။

ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များအတွက် တွေ့ဆုံဆွေးနွေးလိုကြောင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အပါအဝင် နိုင်ငံရေးပါတီ ၂၆ ပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို မေ ၂၃ တွင် အိတ်ဖွင့်ပေးစာပေးပို့၍ တောင်းဆိုခဲ့ပြီး ကော်မရှင်ဘက်က ယင်းတောင်းဆိုစာပါ အချက်အလက်များသည် အပြုသဘောမဆောင်သည့်အပြင် အခြေအမြစ်မရှိစွပ်စွဲချက်များ ပါဝင်သည်ဟုဆိုကာ ပယ်ချခဲ့သည်။

လက်ရှိအချိန်ကာလသည် အသွင်ကူးပြောင်းမှုကို ဆောင်ရွက်နေသည့်ကာလ ဖြစ်သည့်အလျောက် အချို့သော ရိုးရိုးသားသားအမှားများကို နိုင်ငံရေးအမှားအဖြစ် ပုံဖော်ရှုမြင်းမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် နိုင်ငံရေးပါတီများနှင့် တွေ့ဆုံမှုကို ကော်မရှင်ဘက်ကစတင်ဆောင်ရွက်သည့်ကြောင်း ရွေးကောက်ပွဲဆိုင်ရာ ပြည်သူ့လုပ်ရှားမှုအဖွဲ့ (PACE) အမှုဆောင်ဒါရိုက်တာ ကိုစိုင်းရဲကျော်စွာမြင့်က ပြောကြားသည်။

" ကော်မရှင်က နိုင်ငံရေးပါတီတွေနဲ့ ဒီထက်ပိုပြီး ထိတွေ့ဆက်ဆံဖို့လိုတယ်။ နိုင်ငံရေးပါတီတွေကို ဒီထက်ပိုပြီး နားထောင်ဖို့လိုတယ်။ အပြန်အလှန်စာတိုစာရှည်ရေးနေတာဟာ နှစ်ဖက်စလုံးအတွက် အပြုသဘောမဆောင်ဘူး။ ဆိုလိုတဲ့သဘောက ကန့်ကွက်တဲ့ပါတီ ကလည်း ကန့်ကွက်မယ်။ ကော်မရှင်ကလည်း ဒါကိုစာနဲ့တုန့်ပြန်တာမျိုး။ အဲ့ဒါမျိုးတွေလုပ်မယ့် အစားမျက်နှာချင်းဆိုင်တွေ့ဆုံပြီးတော့မှ နိုင်ငံရေးပါတီတွေရဲ့ concept ကဘာတုန်း။ ကော်မရှင်က အခက်အခဲဘာရှိလဲ။ အဲ့ဒါမျိုးကိုမျက်နှာချင်းဆိုင် ဆွေးနွေးစေချင်တယ်။ မဟုတ်ဘူးဆိုရင်တော့ ပြဿနာရှိတယ် " ဟုဎင်းကပြောကြားသည်။

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

၂၀၂၀ ရွေးကောက်ပွဲနဲ့ပတ်သက်၍ မဲစာရင်းအကြမ်းကိုယခုလကုန်တွင် စတင်ကောက်ခံမည်ဖြစ်ပြီး စက်တင်ဘာလကုန်တွင် စတင်ကောက်ခံရန်လျာထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်နိုင်က ပြောကြားသည်။

လက်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၎င်းသက်တမ်းသုံးနှစ်ကျော်အတွင်း နိုင်ငံရေးပါတီများနှင့် တွေ့ဆုံဆွေးနွေးမှုမှာ သုံးကြိမ်သာရှိသေးကြောင်း သိရသည်။

မာတိကာသို့>>>>

**၄) ပြည်ထောင်စုရွေးကောက်ပွဲနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေး (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၂ရက်၊ မြန်မာ့အလင်း၊ စာ မျက်နှာ ၈)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုပေါင်း၍ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲအား ယနေ့နံနက် ၁၀နာရီတွင် မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင် (စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ) တက်ရောက်ပြီး တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးများ၊ နိုင်ငံရေးပါတီ ၉ ပါတီမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ လူထုအသိပညာပေးလုပ်ငန်း ဆောင်ရွက်နေသော အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မသန်စွမ်းများအရေး ဆောင်ရွက်နေသော အဖွဲ့အစည်းများ ၊ အမျိုးသမီးကဏ္ဍမြှင့်တင်ရေးဆောင်ရွက်နေသောအဖွဲ့အစည်းများ၊ သတင်းမီဒီယာများအပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်း ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်သည်။

**ရွေးကောက်ပွဲလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်**

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့် ရွေးကောက်ပွဲဖြစ်ရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ်တစ်ထပ်တည်းဖြစ်ရမည် ဟူသော စံ ၅ ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို အချိန်ဇယားရေးဆွဲချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ယခု ၂၀၁၉ ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့်နှစ်အဖြစ်သတ်မှတ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများ

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၁၅ရက်၊ ဇွန်လ၊၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)



လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org


အားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်စာရင်းတွင် ပါဝင်စေရေးနှင့် မှန်ကန်တိကျသော မဲဆန္ဒရှင်စာရင်းများရရှိစေရေးအတွက် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

**အပိုင်းလေးပိုင်းဖြင့်ဆောင်ရွက်သွားမည်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်အား အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ အဆိုပါစီမံချက် ကို အပိုင်း(၁) လူဦးရေစာရင်းအချက်အလက်များကောက်ယူပြုစုခြင်းနှင့် စိစစ်ခြင်း၊ အပိုင်း(၂) အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ အပိုင်း(၃) ပြောင်းလဲနေသောလူဦးရေစာရင်းနှင့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ်ပြုစုခြင်း၊ ပြင်ဆင်ခြင်း၊ ထိန်းသိမ်းခြင်း၊ အပိုင်း(၄) အခြေခံမဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာခြင်းဟူ၍ အပိုင်းလေးပိုင်းဖြင့်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့များ၊ မြို့နယ်နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု လူဦးရေစာရင်းကောက်ယူရေးလုပ်ငန်းအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ လူဦးရေစာရင်းနှင့် အချက်အလက်များ ကောက်ယူပြုစုခြင်းနှင့် စိစစ်ခြင်းအား အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အဓိက တာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက စိစစ်ပေးမည်ဖြစ်ကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားများမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးနှင့် မှန်ကန်တိကျသည့် မဲဆန္ဒရှင်စာရင်း ရရှိရေးအတွက် အဆိုပါလူဦးရေစာရင်း နှင့် အချက်အလက်များ မှန်ကန်ပြည့်စုံစွာရရှိရေးမှာ လွန်စွာအရေးကြီးပါကြောင်း၊ လူဦးရေစာရင်းကောက်ယူသည့်အဖွဲ့များ လာရောက်ချိန်တွင် အချက်အလက်များ မှန်ကန်စေရေးအတွက် မဲဆန္ဒရှင်ပြည်သူလူထု၏ ပူးပေါင်းကူညီဆောင်ရွက်မှု လိုအပ်ပါကြောင်းနှင့် နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့်လည်း မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးစေလိုပါကြောင်းပြောကြား သည်။

**လုပ်ငန်းစီမံချက်ရှင်းလင်းဆွေးနွေးမှု**

ယင်းနောက်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဌ ဦးတင်ဦးက တိုင်းဒေသကြီး အတွင်း ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းဆောင်ရွက်မှုများအား ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီးရွေးကောက်ပွဲအရာရှိ ဦးအောင်မျိုးလွင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဟာဗျူဟာစီမံကိန်း ၂၀၁၉-၂၀၂၀နှင့် လူဦးရေစာရင်း အချက်အလက်များ

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

## မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

## Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

## ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပံ့မှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

## Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

ကောက်ယူပြုစုခြင်း၊ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရှင်းလင်း ဆွေးနွေးသည်။

ထိုနောက်တက်ရောက်လာသော ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် အရက်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၏ အကြံပြုဆွေးနွေးချက်များနှင့် သိရှိလိုသည်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်ဦးမြင့်အောင်က ပြန်လည် ရှင်းလင်းဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

မာတိကာသို့>>>>

**၅) ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာဒေသများ အပါအဝင် မြို့နယ်အားလုံးတွင်ကျင်းပနိုင်ရေး ရည်မှန်းထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ပြောကြား** (၂၀၁၉ခုနှစ်၊ ဖွန်လ၊ ၂၃ရက်၊ Daily ELEVEN )

၂၀၂၀ အထွေထွေရွေးကောက်ပွဲကို လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ ဒေသများအပါအဝင် မြို့နယ်အားလုံးတွင်ကျင်းပနိုင်ရန် ရည်မှန်းထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် ပြောရေးဆိုခွင့်ရှိသူ ဦးမြင့်နိုင်က ပြောကြားသည်။

လက်ရှိအချိန်တွင် ရခိုင်ပြည်နယ်အပါအဝင် တိုင်းရင်းသားဒေသအချို့၌ တိုက်ပွဲများဖြစ်ပွား လျက်ရှိသည့်အတွက် မြို့နယ်အားလုံးတွင် ရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်းချက်နှင့် စပ်လျဉ်းပြီး ဦးမြင့်နိုင်အား မေးမြန်းရာ ၎င်းက " အားလုံးရည်မှန်းထားတာပေါ့ ။ ကျင်းပ တော့မယ့်အခြေအနေကျတော့ အဲ့ဒီအချိန်နဲ့ တစ်မျိုးပေါ့။ အခုကတော့အားလုံး ရည်မှန်းပြီး ဆောင်ရွက်နေတာပေါ့ " ဟုပြောကြားသည်။

ထိုသို့ ၂၀၂၀ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ၂၀၁၉ခုနှစ်ကို မဲစာရင်းပြုစုရေးနှစ်အဖြစ် သတ်မှတ်ကာ မဲဆန္ဒရှင်စာရင်းပြုစုမှုကြမ်း ပြုစုခြင်းလုပ်ငန်းများကို ဖွန်တတိယအပတ်က စတင်ပြီး စက်တင်ဘာလကုန်အထိ ဆောင်ရွက်မည်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မှသိရသည်။

မဲဆန္ဒရှင်စာရင်းကောက်ယူရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

" မဲဆန္ဒရှင်စာရင်းကောက်ယူရာမှာ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပြဋ္ဌာန်းချက် ပါ မဲဆန္ဒနယ်တစ်နယ်မှာ နေထိုင်လျက်ရှိတဲ့ စစ်ဘေးရှောင်တွေ၊ ရွှေ့ပြောင်း လုပ်သားတွေ အပါအဝင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတိုင်းကို ကောက်ယူပြုစုမှာ

**သတင်းစုစည်းမှု မှတ်တမ်း**

ထုတ်ဝေသည့် ရက်စွဲ - ၁၅ရက်၊ ဇွန်လ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org

ဖြစ်ပါတယ် ” ဟု ဦးမြင့်နိုင်ကပြောကြားကြောင်း ဇွန်၂၂ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများက ဖော်ပြသည်။

၂၀၁၅ အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးအခြေအနေအရ တစ်မြို့နယ်လုံးရွေးကောက်ပွဲ မကျင်းပနိုင်သည့်မြို့နယ် ခုနစ်မြို့နယ်ရှိခဲ့ပြီး အချို့မြို့နယ်များက ကျေးရွာအုပ်စုအချို့ တွင်လည်း ရွေးကောက်ပွဲမကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲမကျင်းပနိုင်သည့်မြို့နယ် ခုနစ်မြို့နယ်အနက်မှ မိုင်းရှူးမြို့နယ်နှင့် ကျေးသီး မြို့နယ်များကို ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲကျင်းပစဉ် ထည့်သွင်းကျင်းပခဲ့သော်လည်း ကျန်မြို့နယ်များတွင် လက်ရှိအချိန်အထိ ရွေးကောက်ပွဲမပြုလုပ်နိုင်သေးကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး နိုင်ငံရေးပါတီ အချို့က ဝေဖန်မှုများရှိသော်လည်း ၂၀၂၀ အထွေထွေရွေးကောက်ပွဲကို လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲဖြစ်အောင် ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ကော်မရှင်ကဆိုသည်။

မာတိကာသို့>>>>

**၆) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကန့်ဘလူခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံ ဆွေးနွေးပွဲကျင်းပ** (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၄ရက်၊ မြန်မာ့အလင်း )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကန့်ဘလူခရိုင်အတွင်းရှိ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများတွေ့ဆုံ၍ ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယမန်နေ့က ကန့်ဘလူခရိုင် စုပေါင်းရုံးရွှေစည်မြိုင်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်အောင် (စစ်ကိုင်းတိုင်းဒေသကြီးတာဝန်ခံ) တက်ရောက်ပြီး ခရိုင်/ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အဖွဲ့ဝင်နှင့် အတွင်းရေးမှူး ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေဖြင့် ရွေးကောက်ပွဲများကို လွတ်လပ်ရမည်၊ တရားမျှတရမည်၊ ပွင့်လင်းမြင်သာမှုရှိရမည်၊ အများယုံကြည်လက်ခံသည့်ရွေးကောက်ပွဲဖြစ်ရမည်၊ ပြည်သူ့ဆန္ဒနှင့် ရွေးကောက်ပွဲရလဒ် တစ်ထပ်တည်းဖြစ်ရမည်ဟူသော စံငါးချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ၂၀၂၀ အထွေထွေရွေးကောက်ပွဲအတွက် ၂၀၁၉ခုနှစ်ကို မဲဆန္ဒရှင်စာရင်းပြုစုသည့် နှစ်အဖြစ်

လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)

၏

မျှော်မှန်းချက်

"လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲ များဖြင့် ဒီမိုကရေစီစနစ်ထွန်းကားသော မြန်မာနိုင်ငံ"

Our Vision

*"A state with Thriving Democracy through Free and Fair Elections"*

ရည်မှန်းချက်

"ဒီမိုကရေစီစံနှုန်းများနှင့် ကိုက်ညီသော ရွေးကောက်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ခြင်း"

Our Mission

"Networking to Support for Holding Genuine Elections with Democratic Norms"

သတ်မှတ်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသားများအားလုံး မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး အတွက် မဲဆန္ဒရှင်စာရင်းပါဝင်စေရေးနှင့် တိကျမှန်ကန်သော မဲစာရင်းရရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်ညွန့်က ခရိုင်အတွင်းရှိ ရွေးကောက်ပွဲအကြိုကာလ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဦးအောင်မျိုးလွင်က လူဦးရေစာရင်းအချက်အလက်များ ကောက်ယူပြုစုခြင်း လုပ်ငန်းစီမံချက်ကို အကျဉ်းချုပ်ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက အကြံပြုဆွေးနွေးချက်များနှင့် သိရှိလိုသည်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်က ပြန်လည်ဆွေးနွေးဖြေကြားပေးသည်။

မာတိကာသို့>>>>

**၇) ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ အခြေခံမဲဆန္ဒရှင်စာရင်းပြုစုခြင်းကို ၂၀၁၉ ဇွန်လ မှစတင်၍ ဆောင်ရွက်လျက်ရှိ၊ အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေ စာရင်းမကြာမီ ကောက်ယူပြုစုမည်** (၂၀၁၉ခုနှစ်၊ ဇွန်လ၊ ၂၅ရက်၊ မြန်မာ့အလင်း၊ စာမျက်နှာ ၅)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံရေးပါတီများ ရွေးကောက်ပွဲကဏ္ဍစုံမှ ပါဝင်ပတ်သက်နေသူများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင် ( ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံ)၊ ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်နှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ နိုင်ငံရေးပါတီ ၁၅ ဖွဲ့မှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲဆိုင်ရာ ပါဝင်ဆောင်ရွက်နေကြသော လူမှုအဖွဲ့အစည်း ၁၄ ဖွဲ့မှ ကိုယ်စားလှယ်များ International Foundation for Electoral Systems (IFES) မှ Mr.Paul Gueri Obe၊ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် ရွေးကောက်ပွဲအရာရှိများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများနှင့်

## သတင်းစုစည်းမှု မှတ်တမ်း

ထုတ်ဝေသည့် ရက်စွဲ - ၁၅ရက်၊ ဖွန်လ၊ ၂၀၁၉ခုနှစ်

စီစဉ်ရေးသားသူ- မော်ရှေးမိုး

ဒီဇိုင်း - မော်ရှေးမိုး

သတင်းအချက်အလက်စုစည်းသူ - မော်ရှေးမိုး

စီစဉ်သူ - လွတ်လပ်မျှတသော ရွေးကောက်ပွဲများ ပံ့ပိုးကူညီရေး ကွန်ရက်အဖွဲ့ (MYNFREL)



လိပ်စာ - အမှတ် (၁၄၂)၊ ၄လွှာ၊ ဘယ်ဘက်၊ ၄၈လမ်း (အထက်ဘလောက်)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၂၆၃၂ ၁၅၆၄၃

Email : myanmar.mynfrel@gmail.com

Website : www.mynfrel.org


ပတ်သက်၍လည်းကောင်း၊ ၂၀၂၀အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းနှင့် ပတ်သက်၍ ဆောင်ရွက်မည် အစီအစဉ်အားလည်းကောင်း၊ မဲဆန္ဒရှင်စာရင်း မှန်ကန်ရေး အတွက် နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲဆိုင်ရာပါဝင်ဆောင်ရွက်ကြသည့် အရပ်ဘက် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူဆောင်ရွက်ရေးနှင့် ပတ်သက်၍ လည်းကောင်းဆွေးနွေးသည်။

### ရှင်းလင်းတင်ပြ

ထို့နောက်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်မြင့်က မဟာဗျူဟာ စီမံကိန်း (၂၀၁၉-၂၀၂၀) အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲဆန္ဒရှင်စာရင်းရရှိရေး၊ လူဦးရေစာရင်း ပြုစုခြင်း လုပ်ငန်းများနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးသည်။

ယင်းနောက်နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများနှင့် တက်ရောက်လာကြသူများ၏ မေးမြန်း ဆွေးနွေးမှုများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ရှင်းလင်း ဖြေကြားသည်။

### အသိပညာပေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် အခြေခံမဲစာရင်းပြုစုခြင်းလုပ်ငန်းကို ၂၀၁၉ ခုနှစ် ဇွန်လမှစတင်၍ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည်။ မဲဆန္ဒရှင်စာရင်းပြုစုရေးအတွက် ပထမအဆင့်အနေဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုများအတွင်း အမှန်တကယ်နေထိုင်လျက်ရှိသော လူဦးရေစာရင်း ကောက်ယူပြုစုခြင်းလုပ်ငန်းအား သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနများက မကြာမီကောက်ယူပြုစုသွားမည်ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေး အတွက် ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပြီး နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများအနေဖြင့် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် မဲဆန္ဒရှင် အသိပညာပေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိ သည်။

မာတိကာသို့>>>>